**ဈေးကွက်အဖွင့်တွင် ပဲပုတ်များ အမြင့်ဈေးဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် ချီကာဂိုစတော့ဈေးကွက်၌ ဈေးနှုန်းအမြင့်များပြန်လည်ရရှိနေ**

ချီကာဂိုစတော့ဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း ပဲပုတ်စေ့ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်းကာလများတွင် ဆီထွက်သီးနှံများ၏အနာဂတ်သည် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုများ ဆက်လက်ဖြစ်ပေါ်နေမှုသည် တောင်အမေရိကနိုင်ငံများအပေါ် ဆိုးကျိုးများဖြစ်စေလျက်ရှိကြောင်း နိုင်ငံတကာရှိ သုတေသနပညာရှင်များ၏ သုံးသပ်ပြောကြားမှုကို သတင်းတွင်ဖော်ပြထားသည်။

ထို့အပြင် ၂၀၂၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့ နံနက်ပိုင်းတွင် ပဲပုတ်စေ့ဈေးနှုန်းများသည် အမှတ် ၉.၅၀ နှင့် ၁၉.၂၅ အကြားတွင် ဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး အမြင့်ဆုံးအမှတ်နှင့် နီးကပ်စွာရောက်ရှိနေကြောင်း၊ ဈေးကွက်၏ခန့်မှန်းချက်များအရ မတ်လတွင် တစ်စည်(Bushel)တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄.၅၃၊ မေလတွင် အမေရိကန်ဒေါ်လာ ၁၄.၄၁ နှင့် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၁၃.၈၀ ဈေးနှုန်းများ အသီးသီးဖြစ်ပေါ်နိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အာဂျင်တီးနားနိုင်ငံ၏ ဆီထွက်သီးနှံအဓိကစိုက်ပျိုးထုတ်လုပ်သည့်ဒေသတွင် ဖြစ်ပေါ်နေသည့် ခြောက်သွေ့ရာသီဥတုကြောင့် ဆီထွက်သီးနှံဈေးကွက်တွင် စိုးရိမ်စိတ်များမြင့်တက်လျက်ရှိသည်။ နိုင်ငံ၏စိုက်ပျိုးရေးအတွက် မိုးရေလိုအပ်ချက်သည် သီးနှံအထွက်ပမာဏကို ဆိုးရွားစွာ လျော့ကျမည့်အခြေအနေသို့ ဦးတည်နေကြောင်း၊ ပဲပုတ်စေ့ထုတ်လုပ်မှု ၃၀ ရာခိုင်နှုန်းအထိ လျော့ကျနိုင်ကြောင်း စိုက်ပျိုးရေးသီးနှံဆိုင်ရာ ရာသီဥတုလေ့လာရေးအဖွဲ့များက သတင်းထုတ်ပြန် ခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ ရာသီဥတုအခြေအနေမှာလည်း စောင့်ကြည့်နေရသည့်အခြေအနေတွင် ရှိနေကြောင်း၊ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သီးနှံများရိတ်သိမ်းရမည့်အချိန်မှာ အလွန်နောက်ကျနေပြီဖြစ်ကြောင်း၊ ကျေးလက်ဒေသများတွင် ပဲပုတ်များအား ရိတ်သိမ်းနိုင်ခြင်းမရှိသဖြင့် သီးနှံအရည်အသွေးကျဆင်းမှုများ ဖြစ်ပေါ်နေကြောင်း၊ နိုင်ငံအလယ်ပိုင်း၏ အနောက်ဘက်ခြမ်းတွင် မိုးပြတ်သည်မှာ တစ်ပတ်ခန့်သာရှိသေးကြောင်း ဘရာဇီးလ်နိုင်ငံ မိုးလေဝသဌာန(National Institute of Meteorology-Inmet)က သတင်းထုတ် ပြန်ထားသည်။

(ထွန်းအောင်ဇော်)

စီးပွားရေးသံမှူး

သတင်းရင်းမြစ် - Soybeans start week with strong highs and renewing highs since 2014 on the Chicago Stock Exchange